# "ကျွန်ုပ်မျက်ရည် ပင်လယ်ကြီးတစ်ခု ဖြစ်စေနိုင်တယ်"

## စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာစေခြင်းဖြင့် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခြင်း



investigate
engage
strengthen

april 2024


FORTIFY RIGHTS

ALLARD K. LOWENSTEIN INTERNATIONAL HUMAN RIGHTS CLINIC, YALE LAW SCHOOL

# "ကျွန်ုပ်မျက်ရည် ပင်လယ်ကြီးတစ်ခု ဖြစ်စေနိုင်တယ်"

စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာစေခြင်းဖြင့် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခြင်း

**မျက်နှာဖုံး**

၂၀၁၇ ခုနှစ်တွင် မြန်မာစစ်တပ်မှ စစ်သားလေးဦးသည် ရခိုင်ပြည်နယ် မောင်တောမြို့မှ အသက် ၃၃ နှစ်အရွယ် "Anowara Begum" (အမည်လွှဲပြောင်း) ကို အဓမ္မပြုကျင့်ခဲ့သည်။ သူသည် အဓမ္မပြုကျင့်ခံရစဉ်က ဤ ဓာတ်ပုံတွင် ဝတ်ဆင်ထားသည့် အဝတ်အစားများကို ဝတ်ဆင်ထားခဲ့ကြောင်း Fortify Rights ကို ပြောပြခဲ့သည်။ ဤ အဝတ်အစားများကို ဓာတ်ပုံရိုက် မှတ်တမ်းတင်လိုသည့် အတွက် ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးစဉ်က သယ်ယူသွားခဲ့ကြောင်း ပြောကြားခဲ့သည်။
©Saiful Huq Omi, Counter Foto, ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၂၃ ခုနှစ်။

ALLARD K. LOWENSTEIN INTERNATIONAL HUMAN RIGHTS CLINIC, YALE LAW SCHOOL

The **Allard K. Lowenstein International Human Rights Clinic** is a Yale Law School course that gives students first-hand experience in human rights advocacy under the supervision of international human rights lawyers. The Clinic undertakes litigation and research projects on behalf of human rights organizations and individual victims of human rights abuses. Recent work has included involvement in human rights litigation in U.S. courts; preparing amicus briefs on international and comparative law for U.S., foreign, and international fora; advocacy before international and regional human rights bodies; and investigating and drafting reports on human rights situations.

FORTIFY RIGHTS

**Fortify Rights** works to ensure human rights for all. We investigate violations, engage people with power on solutions, and strengthen human rights defenders. We believe in the influence of evidence-based research, the power of strategic truth-telling, and the importance of working in close collaboration with individuals, communities, and movements pushing for change. Fortify Rights is an independent nonprofit organization registered in the United States and Switzerland.

# မာတိကာ


အကျဉ်းချုပ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 12
နည်းစနစ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . 27

# အချိန်ဇယား

## ၁၉၇၈ ခုနှစ်

### နဂါးမင်း စစ်ဆင်ရေး

မြန်မာစစ်တပ်၏ ပြင်းထန်သော နဂါးမင်း စစ်ဆင်ရေးအပြီးတွင် မြန်မာနိုင်ငံမှ ရိုဟင်ဂျာ ၂၀၀,၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်သွားခဲ့ရပြီး ဤသည်ကို "နိုင်ငံသားစိစစ်ရေး" လေ့ကျင့်ခန်းအဖြစ် ထင်ရှားစွာ သတ်မှတ်ခဲ့သည်။

## ၁၉၈၂ ခုနှစ်

### နိုင်ငံသားဥပဒေ

တစ်နည်းတစ်ဖုံအားဖြင့် ရိုဟင်ဂျာများကို မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့် အပြည့်အဝရနိုင်ခြေကို ငြင်းဆိုနိုင်ရန် ရည်ရွယ်ထားသော နိုင်ငံသားဥပဒေသစ်ကို မြန်မာနိုင်ငံက အတည်ပြုခဲ့သည်။ နောက်ဆုံးတွင် ဤ ဥပဒေ၏ ရလဒ်မှာ ရိုဟင်ဂျာများကို နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း ကမ္ဘာ့အကြီးဆုံးသော နိုင်ငံမဲ့လူဦးရေ အဖြစ် သတ်မှတ်ခံလိုက်ရခြင်းပင် ဖြစ်သည်။

## ၁၉၉၁ မှ ၁၉၉၂ ခုနှစ်များ

### ဒုက္ခသည်များ အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်မှု

မြန်မာစစ်တပ်မှ ဦးဆောင်သည့် သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပါဝင်သော တိုက်ခိုက်မှုများအပြီးတွင် ရိုဟင်ဂျာ ၂၅၀,၀၀၀ ကျော်သည် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြရသည်။

## ၂၀၁၂ ခုနှစ်

### ရခိုင်ပြည်နယ်တစ်ဝှမ်းရှိ အကြမ်းဖက်မှုနှင့် တိုက်ခိုက်မှုများ

တိုင်းရင်းသား အချင်းချင်း ထိပ်တိုက်တွေ့မှုများကြောင့် ရိုဟင်ဂျာများ အပေါ် ကျူးလွန်ခဲ့သော စစ်တပ်၏ ဦးဆောင် တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ် တစ်ဝှမ်းတွင် ပြန့်နှံ့ခဲ့ပြီး ရိုဟင်ဂျာ တစ်သိန်းကျော် သည်လည်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ ဤ အကြမ်းဖက်မှုများကြောင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် ကန့်သတ်မှုများလည်း တိုးမြင့်လာခဲ့သည်။

## ၂၀၁၆ ခုနှစ်

### "နယ်မြေရှင်းလင်းသုတ်သင်ခြင်း" စစ်ဆင်ရေးကို ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် စတင်ခြင်း

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာရွာများကို မြန်မာစစ်တပ်နှင့် ရဲများက မီးရှို့ခဲ့ပြီး ရိုဟင်ဂျာ အရပ်သား ၆၅,၀၀၀ အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအဓမ္မ ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။ အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများသည် မြန်မာနိုင်ငံ လုံခြုံရေးတပ်ဖွဲ့များ၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် စပ်လျဉ်းသည့် အထောက်အထားများကို ပေးအပ်ခဲ့သည်။

## ၂၀၁၇ ခုနှစ်

### ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကျယ်ပြန့်သော အကြမ်းဖက်မှု

ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရဲတပ်ဖွဲ့နှင့် တပ်မတော် စခန်းများကို Arakan Rohingya Salvation Army (ARSA) က တိုက်ခိုက်ပြီးသည့်နောက်တွင် စစ်တပ် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အရပ်သားများက ပူးပေါင်းစီမံ၍ ရိုဟင်ဂျာ အရပ်သားများကို တိုက်ခိုက်မှုများဖြင့် တုံ့ပြန်ခဲ့ပါသည်။ စစ်တပ်က ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာရွာပေါင်း ၃၀၀ ကျော်ကို ဖြိုခွင်းခဲ့ပြီး "နယ်မြေရှင်းလင်းရေး" စစ်ဆင်ရေးများကို နှစ်ဆတိုး ဆောင်ရွက်ခဲ့ကာ ထောင်နှင့်ချီသော အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးငယ်များကို သတ်ဖြတ်ခဲ့ကာ အမျိုးသားများနှင့် ယောကျ်ားလေးလူငယ်များ အား ဖမ်းဆီးခဲ့သည့်အပြင် အစုလိုက်အပြုံလိုက် မုဒိမ်းမှုများပါ ကျူးလွန်ခဲ့ပါသည်။ ဤအကြမ်းဖက်မှုကြောင့် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာ လူဦးရေပေါင်း ၇ သိန်းကျော် ကို တွန်းပို့ခဲ့ပါသည်။.

## ၂၀၁၈ ခုနှစ်

### ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာနိုင်ငံရှိ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးမှုကို ICC က ခွင့်ပြုလိုက်ခြင်း

နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သည် ရိုဟင်ဂျာများအနေဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ အလိုမပါဘဲ တိမ်းရှောင်ရခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်းနှင့် အခြားသော လူမဆန်သော လုပ်ရပ်များ အပါအဝင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု ကျူးလွန်ခံခဲ့ရမှုများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲရန် စီရင်ပိုင်ခွင့်အာဏာ ပေးခဲ့သည်။

## ၂၀၁၉ ခုနှစ်

### ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံရှိ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ အမှုကို ICJ တွင် တင်သွင်းခဲ့ခြင်း

ဂမ်ဘီယာသမ္မတနိုင်ငံသည် မြန်မာနိုင်ငံအား ဂျီနိုဆိုက် ကွန်ဗင်းရှင်း (လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှုမျိုး မဖြစ်ပွားအောင် ကာကွယ်တားဆီးရေး နှင့် ပြစ်ဒဏ် ချမှတ်ရေး သဘောတူစာချုပ်)ကို ချိုးဖောက်သည်ဟု စွပ်စွဲကာ နိုင်ငံတကာတရားရုံး (ICJ) တွင် လျှောက်ထားခဲ့သည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် တရားရုံးတွင် မြန်မာနိုင်ငံကို ကိုယ်စားပြုခဲ့ပြီး လူမျိုးတုံးသတ်ဖြတ်မှုအား ငြင်းဆိုခဲ့ကာ ရိုဟင်ဂျာများအား ရိုဟင်ဂျာအဖြစ် သတ်မှတ်ရန် ငြင်းဆိုခဲ့ပြီး၊ ရိုဟင်ဂျာမရှိကြောင်း လူမျိုးရေးခွဲခြားသည့် အစိုးရ၏ ရပ်တည်ချက်နှင့် ကိုက်ညီစွာ ထွက်ဆိုခဲ့ပါသည်။.

## ၂၀၁၉ ခုနှစ်

### အာဂျင်တီးနားတွင် မြန်မာအာဏာပိုင်များအား ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်ကို ရိုဟင်ဂျာ အဖွဲ့များမှ တင်သွင်းခြင်း

မြန်မာရိုဟင်ဂျာအဖွဲ့ UK နှင့် အခြားအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုများနှင့် စပ်လျဉ်း၍ မြန်မာစစ်တပ်မှ အရာရှိများကို တိုင်ကြားနိုင်ရန်အတွက် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့် အောက်ရှိ အကြီးတန်းတရားစီရင်ရေးမှုအရ အာဂျင်တီးနားတွင် ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်တစ်ခု ကို တင်သွင်းတိုင်ကြားခဲ့သည်။

## ၂၀၂၀ ခုနှစ်

### အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲ အနိုင်ရ

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် ရွေးကောက်ပွဲတွင် တခဲနက် အနိုင်ရရှိခဲ့ပြီး စစ်တပ် ကျောထောက်နောက်ခံ ပြုထားသော ပါတီများကိုလည်း အပြတ်အသတ် အနိုင်ယူနိုင်ခဲ့သည်။ စစ်တပ်က မဲဆန္ဒ လိမ်လည်မှုဖြင့် စွပ်စွဲခဲ့ပြီး ရွေးကောက်ပွဲရလဒ်ကို လက်မခံခဲ့ပါ။.

## ၂၀၂၁ ခုနှစ်

### မြန်မာစစ်တပ်က အာဏာသိမ်းမှုပြီး ဖြိုခွင်းမှုကို စတင်ခြင်း


၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များအား လိမ်လည် လှည့်ဖြားခဲ့သည်ဟု စွပ်စွဲကာ မြန်မာစစ်တပ်က အာဏာသိမ်းမှု ကို စတင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အခြား အကြီးတန်းအရာရှိများ၊ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများနှင့် အခြားသော ပုဂ္ဂိုလ်များကို ဖမ်းဆီးခဲ့သည်။ စစ်တပ်ကို ဆန့်ကျင်သည့် အစုလိုက်အပြုံလိုက် ဆန္ဒပြမှုများသည် နိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့ပြီး စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့က အရပ်သားများအပေါ် စနစ်တကျ တိုက်ခိုက်မှုများဖြင့် ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်ခဲ့သည်။ စစ်သားများက အရပ်သားများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ထောင်ချခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကြောင့် အရပ်သားများက လက်နက်များကိုင်ဆောင်ရန် ဦးဆောင်လာခဲ့သည်။

## ၂၀၂၃ ခုနှစ်

### ဂျာမန်အစိုးရရှေ့နေမှ ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်အောက်ရှိ တိုင်းကြားချက်ကို စုံစမ်းစစ်ဆေးရန် ငြင်းဆိုခြင်း

ဇန်နဝါရီလတွင် Fortify Rights နှင့် လူမျိုးစု ခုနစ်ဖွဲ့ကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံမှ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများမှ အသက်ရှင်ကျန်ရစ်သူ ၁၆ ဦး သည် ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့်အရ ဂျာမနီနိုင်ငံတွင် ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်တစ်ခု ကို တင်သွင်းခဲ့ပြီး အကြီးတန်းဗိုလ်ချုပ်ကြီးများနှင့် အခြားသူများသည် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိကြောင်း အထောက်အထားများ ပေးအပ်ခဲ့သည်။ အောက်တိုဘာလတွင် ဂျာမန်ဖက်ဒရယ်အစိုးရရှေ့နေက တိုင်ကြားချက်အပေါ် အခြေခံ၍ စုံစမ်းစစ်ဆေးမှု စတင်မည်မဟုတ်ကြောင်း Fortify Rights ထံသို့ အကြောင်းကြားခဲ့ပြီး၊ စွပ်စွဲခံရသူများသည် ဂျာမနီနိုင်ငံ အတွင်းတွင် မရှိသည့်အတွက်ကြောင့် ဖြစ်သည်ဟု ဆိုသည်။.

# Map of Myanmar and Bangladesh





ကမ္ဘာ့အကြီးဆုံး ဒုက္ခသည်စခန်းတစ်ခု ၏ မြေပြင်ပေါ်တွင် ရိုဟင်ဂျာ အမျိုးသမီးတစ်ဦး အနားယူနေပုံ။ ©Saiful Huq Omi, Counter Foto, Cox's Bazar ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဇူလိုင်လ ၂၀၁၄ ခုနှစ်။





# အကျဉ်းချုပ်

ဒုတိယကမ္ဘာစစ်ကြီးအပြီး နာဇီအစိုးရ၏ အစုလိုက်အပြုံလိုက် မီးလောင်တိုက်သွင်းသတ်ဖြတ်မှုကြီးအပြီးတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ၁၉၄၈ ခုနှစ်၊ ပါရီမြို့၌ စုဝေး၍ ဂျီနိုဆိုက် ကွန်ဗင်းရှင်း (လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှုမျိုး မဖြစ်ပွားအောင် ကာကွယ်တားဆီးရေး နှင့် ပြစ်ဒဏ် ချမှတ်ရေး သဘောတူစာချုပ်) ကို အတည်ပြုခဲ့ကြသည်။ ဤ ဥပဒေသစ်အောက်တွင် ယခင်က ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုပုံစံကို ဂျီနိုဆိုက် (လူမျိုးတုံးသတ်ဖြတ်မှု) ဟုခေါ်သည့် ရာဇဝတ်မှုအသစ်တစ်ရပ်အဖြစ် သတ်မှတ်ခဲ့သည်။ ပထမဦးဆုံးအကြိမ်ဖြင့် ဤစာချုပ်သည် မျိုးနွယ်တစ်စုကို သုတ်သင်ရန် ကြိုးပမ်းသူများကို နိုင်ငံတကာ ဥပဒေအောက်တွင် အပြစ်ပေးနိုင်ရန်အတွက် သက်ရောက်မှုပေးနိုင်ခဲ့သည်။ အထူးသဖြင့်၊ စာချုပ်ထဲတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှုဟု ဆိုရာတွင် အမျိုးသားရေး၊ တိုင်းရင်းသား၊ လူမျိုး သို့မဟုတ် ဘာသာရေးအရ သတ်မှတ်ထားသော လူအစုအဖွဲ့ တစ်စုလုံး (သို့) တစ်စိတ်တစ်ပိုင်းကို ပျက်သုဉ်းစေလိုသည့် ကြံရွယ်ချက်ဖြင့် တားမြစ်ထားသော လုပ်ရပ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ရပ်များ ပါဝင်သည်ဟု ခွဲခြားသတ်မှတ်ထားသည်။

ဂျီနိုဆိုက်နှင့် စပ်လျဉ်း၍ လူသိများသော ယူဆချက်သည် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းအပေါ် အဓိက အာရုံစိုက်ထားခြင်း ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုအပါအဝင် လူမျိုးတုံးသတ်ဖြတ်မှု အများစုတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ပါဝင်နေသော်လည်း ဂျီနိုဆိုက် ကွန်ဗင်းရှင်း သဘောတူစာချုပ်၏ ပြဌာန်းချက်များအရ၊ အကာအကွယ်ပေးထားသည့် အုပ်စုကို ပျက်စီးစေနိုင်သည့် တားမြစ်ထားသော အခြားလုပ်ရပ် လေးခု ပါရှိပါသည်။ ဤသည်တို့မှာ အုပ်စုတစ်စုကို ဖျက်ဆီးရန် တွက်ဆထားသော ဘဝအခြေအနေများကို ကြံရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်း၊ အုပ်စုတစ်စုအတွင်း ကလေးမွေးဖွားမှုကို တားဆီးရန် ရည်ရွယ်သည့် စီမံချက်များ ချမှတ်ခြင်း၊ အုပ်စုတစ်စုမှ ကလေးငယ်များကို အခြားအုပ်စုသို့ အတင်းအကြပ် လွှဲပြောင်းခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအား ပြင်းထန်စွာ ထိခိုက်စေခြင်း တို့ပင်ဖြစ်သည်။

ထို သတ်မှတ်ထားသော လူမျိုးတုံးသတ်ဖြတ်မှု လုပ်ရပ်များထဲတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ပြင်းထန်စွာ ဖြစ်စေသည့် လုပ်ရပ်များအပေါ် နားလည်ထားမှုသည် အနည်းဆုံးဖြစ်သည်။ ဤကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအား ပြင်းထန်စွာ ထိခိုက်နစ်နာစေသည့် လူမျိုးတုံးသတ်ဖြတ်မှု လုပ်ရပ်များကို ဆန်းစစ်ရာတွင်၊

ရခိုင်ပြည်နယ် လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့သော ကိုယ်ဝန်ဆောင် ရိုဟင်ဂျာ မိခင်အား သူ၏ ကလေးနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတွင် တွေ့ရစဉ်။ မကြာသေးမီက သိပ္ပံနည်းကျ သုတေသနပြုချက်များအရ အရွယ်ရောက်ပြီးသူများ၏ စိတ်ဒဏ်ရာ အတွေ့အကြုံများသည် ၎င်းတို့၏ ကလေးများထံသို့ လက်ဆင့်ကမ်းထပ်ပွားနိုင်ချေရှိကြောင်း တွေ့ရှိခဲ့ရပြီး ဤသည်မှာ အနာဂတ်မျိုးဆက်သစ်များ ကိုလည်း ထိခိုက်နစ်နာစေနိုင်ပါသည်။ ©Saiful Huq Omi, Counter Foto, Cox’s Bazar ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မေလ ၂၀၁၄ ခုနှစ်။

နိုင်ငံတကာခုံရုံးများသည် ရုပ်ပိုင်းဆိုင်ရာကို ပြင်းထန်စွာ ထိခိုက်စေသော လုပ်ရပ်များအပေါ် ပိုမိုအာရုံစိုက်ခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ အား ထိခိုက်စေသော လုပ်ရပ်များကို အတိအကျသတ်မှတ်ရာတွင် ခက်ခဲမှုများ ရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာ တရားရုံးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အိုးအိမ် ရွှေ့ပြောင်းခြင်းဆိုင်ရာ ရာဇဝတ်မှုများသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှုနှင့် သက်ဆိုင်သည်ဟူ၍ လူမျိုးတုံးသတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ နားလည်မှုကို ချဲ့ထွင်ခဲ့သည်။ သို့သော်လည်း ကိုယ်ခန္ဓာကို ပြင်းထန်စွာ ထိခိုက်စေသည့် လုပ်ရပ်များနှင့် နှိုင်းယှဉ်ကြည့်လျှင် စိတ်ပိုင်းဆိုင်ရာအား ပြင်းထန်စွာ ထိခိုက်စေမှုများကို လူမျိုးတုံးသတ်ဖြတ်မှုတစ်ခုအဖြစ် လေ့လာခြင်းများအပြင် ထို အကြောင်းအရာနှင့် ဆက်စပ်သော တရားဥပဒေစိုးမိုးမှုမှာ အားနည်းသည်။ ရာဇဝတ်မှုဆိုင်ရာ ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများ၏ ဤ အကြောင်းအရာအပေါ် အာရုံစိုက်မှုမှာလည်း အကန့်အသတ်ဖြင့်သာ ရှိသည်။

လူမျိုးတုံးသတ်ဖြတ်မှုဥပဒေအရ စိတ်ပိုင်းဆိုင်ရာအား ပြင်းထန်စွာ ထိခိုက်နစ်နာစေသည့် လုပ်ရပ်တစ်ခုသည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက် အငယ်စား (သို့) ယာယီချို့ယွင်းချက် ဖြစ်စေမှုထက် ပိုမိုလိုအပ်ကြောင်း တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ပညာရပ်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များက ပြဋ္ဌာန်းထားသည်။ ထိုသို့သော ထိခိုက်နစ်နာစေမှုသည် "တစ်သက်တာ (သို့) ကုစား၍မရသော" ချို့ယွင်းချက် ဖြစ်ရန် မလိုအပ်သော်လည်း ၎င်းသည် "လူတစ်ဦး၏ ပုံမှန်နှင့် အပြုသဘောဆောင်သော ဘဝတစ်ခု ကို ဦးဆောင်နိုင်မှုအပေါ် ဆိုးရွားသော ရေရှည် ဆိုးကျိုးသက်ရောက်မှုများ ရှိစေရမည်" ဟု ပြဋ္ဌာန်းထားသည်။

ဤလေ့လာမှုထဲတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုများသည် လူအုပ်စုတစ်စုလုံး (သို့) တစ်စိတ်တစ်ပိုင်းကို မည်ကဲ့သို့ ဖျက်ဆီးနိုင်ကြောင်းကို ဖော်ပြထားပါသည်။ အထူးသဖြင့် အရေးတကြီး ဖြေကြားရန် လိုအပ်နေသော မေးခွန်းတစ်ခုကို အာရုံစိုက်ထားပါသည် - 'ရိုဟင်ဂျာလူမျိုးများကို ဖျက်ဆီးနိုင်ရန် လူမျိုးတုံးသတ်ဖြတ်မှုမြောက်သော ပြင်းထန်သည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှု လုပ်ရပ်များအတွက် မြန်မာစစ်တပ်တွင် တာဝန်ရှိပါသလား' ပင်ဖြစ်သည်။ ဤလေ့လာမှု၏ ရည်ရွယ်ချက်တစ်ခုမှာ အစိုးရရှေ့နေများ၊ စုံစမ်းစစ်ဆေးသူများ၊ ပညာရှင်များ၊ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်သားများနှင့် အခြားသူများအနေဖြင့် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုဖြစ်စေခြင်းအား လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် လေ့လာရာတွင် ပိုမို ကျယ်ပြန့်စွာ နားလည်သဘောပေါက်စေရန် ရည်ရွယ်ထားပါသည်။ ထို့အပြင် ရိုဟင်ဂျာ လူမျိုးစုအပေါ် ဆက်လက် ဆိုးကျိုးသက်ရောက်မှုများ ရှိနေသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှုများ၏ သက်ရောက်မှုများကိုလည်း ဆန်းစစ်လေ့လာထားပါသည်။

စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဝေဒနာသည် သတ်ဖြတ်ခံရခြင်း (သို့) ရုပ်ပိုင်းဆိုင်ရာဒဏ်ရာ ရရှိခြင်းတို့နှင့် မတူညီသည့် အချက်မှာ မကြာခဏဆိုသလို ၎င်းကို အလွယ်တကူ သိသာထင်ရှားစွာ သိရှိနိုင်ရန် ခက်ခဲသောကြောင့် ၎င်းသည် အုပ်စုတစ်စုကို "တစ်စုလုံး (သို့) တစ်စိတ်တစ်ပိုင်း" အရ ပျက်စီးစေနိုင်သော အစွမ်းရှိသော်လည်း ၎င်းကို မှတ်တမ်းတင်ရန်၊ ရေတွက်ရန် (သို့) တရားဝင် သက်သေပြရန်အတွက် ခက်ခဲပါသည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများအပေါ် မြန်မာစစ်တပ်၊ ၎င်း၏ ပူးပေါင်းဆောင်ရွက်သူများနှင့် တက်ကြွလှုပ်ရှားသူများမှ ကျူးလွန်ခဲ့သော ခြောက်ခြားဖွယ်ရာ အကြမ်းဖက်မှုများကို လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် လူအများက ရှုမြင်ခဲ့ကြသည်။ Fortify Rights, ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင် နှင့် အမေရိကန်ပြည်ထောင်စု အစိုးရတို့သည် ရိုဟင်ဂျာများအပေါ် ဆက်လက်ဖြစ်ပွားနေသော လူမျိုးတုံးသတ်ဖြတ်မှုများ အတွက် မြန်မာစစ်တပ်တွင် တာဝန်ရှိကြောင်း အထောက်အထား ခိုင်လုံစွာ မှတ်တမ်းတင်ထားသော တွေ့ရှိချက်များအရ အသီးသီး ဆုံးဖြတ်ထားကြသည်။

၂၀၂၀ ခုနှစ်တွင် Fortify Rights နှင့် အရေအတွက်အခြေပြုသုတေသန နည်းလမ်းများ (quantitative research methods) အား လေ့ကျင့်သင်ကြားထားသည့် ရိုဟင်ဂျာ သုတေသီအဖွဲ့တစ်ဖွဲ့သည် "The Torture in My Mind": The Right to Mental Health for Rohingya Survivors of Genocide in Myanmar and Bangladesh ဟုခေါ်သော စာမျက်နှာ ၉၉ မျက်နှာပါ အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ Torture in My Mind သည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ရိုဟင်ဂျာလူမျိုးများ ခံစားခဲ့ရသည့် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုများနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာကောင်းသော အရေအတွက်အခြေပြုအချက်အလက်များ တွေ့ရှိချက်များကို တင်ဆက်ထားသည်။

The Torture in My Mind ပါ အချက်အလက်များကို ကိုးကားထားသော ဤလေ့လာမှုထဲတွင် လူမှုသိပ္ပံ၊ အထူးသဖြင့် စိတ်ပညာဆိုင်ရာ စိတ်ပညာလေ့လာမှုဆိုင်ရာ နည်းစနစ်များ အသုံးပြုထားပြီး ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ရိုဟင်ဂျာလူမျိုးများအပေါ် မြန်မာစစ်တပ်က ဦးဆောင်တိုက်ခိုက်ခဲ့သော လူမျိုးတုံးသတ်ဖြတ်မှု၏



ရခိုင်ပြည်နယ် မောင်တောမြို့မှ အသက် ၁၆ နှစ်အရွယ် ရိုဟင်ဂျာ ကလေးငယ်တစ်ဦး၏ လက်ကောက်ဝတ် ဒဏ်ရာ။ ၂၀၁၆ ခုနှစ်တွင် စစ်တပ်က ရိုဟင်ဂျာ အရပ်သားများ ကို နေရာ အနှံ့ တိုက်ခိုက်နေစဉ် ၎င်း အား မြန်မာစစ်တပ်က အစွမ်းမဖမ်းဆီး ထိန်းသိမ်း ခဲ့ပြီး ၎င်း၏ လက် ကောက်ဝတ်ကို ဓားမဖြင့် ခုတ်ထစ်ခဲ့ သည်။ ကလေးငယ် သည် မြန်မာနိုင်ငံမှ ထွက်ပြေး လွတ်မြောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရှမ်လပူးရ် (Shamlapur) ဒုက္ခသည်စခန်းမှ မိသားစု ဝင်များနှင့် ပြန်လည် ပေါင်းစည်းနိုင်ခဲ့သည်။ ©Saiful Huq Omi, Counter Foto, Cox's Bazar ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ်။

စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို လေ့လာထားပါသည်။ ဤ လေ့လာမှုထဲတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Fortify Rights အဖွဲ့အစည်းများမှ စုဆောင်းထားပြီး Yale Law School (ယေးလ်ဥပဒေကျောင်း) ရှိ Lowenstein International Human Rights Clinic မှ ခွဲခြမ်းစိတ်ဖြာထားသော ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုမှ အသက်ရှင် ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက် စာမျက်နှာ ရာပေါင်းများစွာကိုလည်း ကိုးကားထားပါသည်။

ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုနှင့် စပ်လျဉ်း၍ ဥပဒေပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာချက်ကို ပံ့ပိုးပေးနိုင်ရန်အတွက် ဤလေ့လာမှုထဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည် စခန်းများတွင် နေထိုင်နေကြသော ရိုဟင်ဂျာများကြားရှိ စိတ်ထိခိုက်ဒဏ်ရာရမှုနှုန်းနှင့် စပ်လျဉ်းသည့် သိသာထင်ရှား သော ကိန်းဂဏန်း အချက်အလက်ဆိုင်ရာ စစ်တမ်းဒေတာများကို သီးသန့်ခွဲခြား ခွဲခြမ်းစိတ်ဖြာထားသည်။ စစ်တမ်း တွေ့ရှိချက်များသည် ရိုဟင်ဂျာလူဦးရေကြားရှိ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို အတည်ပြုထားသော သက်သေ အထောက်အထားများ ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများရှိ ရိုဟင်ဂျာ အသက်ရှင်ကျန်ရစ်သူများ၏ ထွက်ဆိုချက်များမှ အချက်အလက်များကိုလည်း ထည့်သွင်းဖော်ပြထားသည်။

ဥပမာအားဖြင့် စစ်တမ်းကောက်ယူထားသော အသက်ရှင်ကျန်ရစ်သူ အားလုံးနီးပါးသည် မြန်မာနိုင်ငံမှ မလွတ် မြောက်မီ ကြုံတွေ့ခဲ့ရသော ၎င်းတို့၏ ခြောက်ခြားဖွယ်ရာ အတွေ့အကြုံများကို ထွက်ဆိုခဲ့ကြသည်။ ထိုထဲမှ ၉၈.၆ ရာခိုင်နှုန်း က မကြာခဏ သေနတ်ပစ်ခတ်မှုများ တွေ့ကြုံခဲ့ရခြင်း၊ ၉၇.၈ ရာခိုင်နှုန်းက ရွာများ ဖျက်ဆီးခံရခြင်းနှင့် မီးရှို့ ဖျက်ဆီးခြင်းများကို မျက်မြင်ကြုံတွေ့ခဲ့ရခြင်း၊ ၉၁.၈ ရာခိုင်နှုန်းက လူသေအလောင်းများကို မြင်တွေ့ခဲ့ရပြီး ၉၀.၄ ရာခိုင်နှုန်းက အခြားသူများအား ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံနေရခြင်းများကို အသီးသီး တွေ့ကြုံ မြင်တွေ့ခဲ့ကြသည်။ ဤဖြစ်ရပ်များမှာ ရေရှည် ဆိုးကျိုးရှိစေနိုင်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အခြေအနေများ ဖြစ်သည့် စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD)၊ စိတ်ကျရောဂါနှင့် စိုးရိမ်စိတ်လွန်ကဲမှု အခြေအနေများကို ဖြစ် ပေါ်စေနိုင်ပါသည်။

"အခြေအနေက ပြန်ပြောပြဖို့ မလွယ်ကူပါဘူး" ဟု ရိုဟင်ဂျာအမျိုးသမီးတစ်ဦးက Fortify Rights သို့ ၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် စစ်တပ်ဦးဆောင်သော တိုက်ခိုက်မှုများအတွင်း သူတွေ့ကြုံခဲ့ရပုံကို ရှင်းပြခဲ့သည်။ "အမျိုးသမီးတွေရဲ့ ရင်သားတွေကို (သူတို့က) လှီးဖြတ်လိုက်ကြတယ်။ အသတ်ခံရတာတွေလည်း အများကြီးတွေ့ခဲ့ရ တယ်။ သူတို့က ရင်သားတွေကို လှီးဖြတ်ပြီး အမျိုးသမီးရဲ့ ယောနိနေရာကို ဓားနဲ့ လှီးဖြတ်တယ်။ ဖြစ်ပျက်နေတာတွေ အားလုံးကို ကျွန်မ မြင်ခဲ့ရတယ်။ ကျွန်မရဲ့ အိမ်နဲ့လည်း အရမ်းနီးတယ်။"



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပလောင် (Kutupalong) ဒုက္ခသည်စခန်းတွင် ခိုလှုံနေသော အသက် ၂၅ နှစ်အရွယ် ရိုဟင်ဂျာ အမျိုးသားတစ်ဦးမှ မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်အတွင်း ၎င်းရရှိခဲ့သော သေနတ်ဒဏ်ရာကို ပြသနေပုံ။ မောင်တောမြို့နယ် မြောက်ပိုင်းရှိ ၎င်း၏ကျေးရွာကို မြန်မာစစ်တပ်မှ နံနက် ၄ နာရီခန့်တွင် ဝင်ရောက်စီးနင်းခဲ့ကာ အရပ်သားများကို ပစ်ခတ်ခဲ့ပြီး ၎င်းနှင့် ၎င်း၏ အသက် ၁၇ နှစ်အရွယ် ညီဖြစ်သူတို့လည်း ပစ်ခတ်ခဲ့သည်။ နောက်ထပ် အကြမ်းဖက်မှုများကို ရှောင်ရှားရန်အတွက် ၎င်းတို့ညီအစ်ကိုက သေချင်ဟန်ဆောင်ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရှစ်ရက်ကြာခရီးနှင်၍ ထွက်ပြေးလွတ်မြောက်ခဲ့ကာ Médecins Sans Frontières (MSF) ထံမှ ဆေးကုသမှုကို ခံယူခဲ့သည်။ ©Saiful Huq Omi, Counter Foto, Cox's Bazar ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာ အများအပြားသည် စိတ်ကျန်းမာရေး ချို့တဲ့မှု လက္ခဏာများ ကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ ယေဘုယျအားဖြင့် အရွယ်ရောက်ပြီးသူတိုင်း၏ ၁၀ ရာခိုင်နှုန်းခန့်သည် အလယ်အလတ် (သို့) အပျော့စား စိတ်ကျန်းမာရေးချို့ယွင်းမှု အမျိုးအစား တစ်စုံတစ်ရာကို ခံစားနေရသည်ဟု ခန့်မှန်းထားသည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေပြီးနောက် ဆယ့်နှစ်လအကြာတွင် အပျော့စားနှင့် အလယ်အလတ် စိတ်ကျရောဂါနှင့် စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD) အပါအဝင် အဆိုပါ စိတ်ကျန်းမာရေး ချို့တဲ့မှုများ ကို ခံစားကြုံတွေ့နေရသည့် အရွယ်ရောက်ပြီးသူနှုန်းမှာ ၁၅ မှ ၂၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ ထို ရာခိုင်နှုန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အသက်ရှင်ကျန်ရစ်သော ရိုဟင်ဂျာများကြားတွင် သိသာစွာ ပိုမို မြင့်မားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာများအနက် ၆၁.၂ ရာခိုင်နှုန်းသည် စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD) နှင့် ကိုက်ညီသော လက္ခဏာများရှိကြောင်း တွေ့ရှိခဲ့ရပြီး၊ ၈၈.၇ ရာခိုင်နှုန်းသည် စိတ်ကျရောဂါနှင့် ၈၄ ရာခိုင်နှုန်းသည် (စိတ်ကျရောဂါ လက္ခဏာများ ပါဝင်သည့် စိတ်ဂနာမငြိမ်မှုများ အပါအဝင်) စိုးရိမ်စိတ်လွန်ကဲမှုတို့ကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။

Fortify Rights နှင့် ရိုဟင်ဂျာ သုတေသီအဖွဲ့အနေဖြင့် ၂၀၂၀ ခုနှစ်တွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများနှင့် ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက်များကို စုဆောင်းခဲ့ချိန်မှစ၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများ ရှိ အခြေအနေများမှာ သိသိသာသာ ဆိုးရွားလာခဲ့သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများကို လူမျိုးတုံးသတ်ဖြတ်မှုတွင် တာဝန်ရှိသော စစ်တပ်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းခဲ့ပြီး မြန်မာနိုင်ငံရှိ ရွေးကောက်ခံအစိုးရကို ဖြုတ်ချရန် ကြိုးပမ်းခဲ့သည်။ စစ်တပ်က တိုင်းပြည်ကို နိုင်ငံရေးအရ ထိန်းချုပ်ဖို့ ကြိုးပမ်းရာတွင် လူဦးရေသောင်းချီအား ဖမ်းဆီးခဲ့ပြီး မရေမတွက်နိုင်သော အမျိုးသမီး၊ အမျိုးသားများနှင့် ကလေးငယ်များကို သတ်ဖြတ်ခဲ့သည်။ ဤလေ့လာတွေ့ရှိချက် ထုတ်ပြန်သည့်အချိန်မှာပင် စစ်တပ်သည် အရပ်သားများအပေါ် လေကြောင်း တိုက်ခိုက်မှုများဖြင့် ဆက်လက် တိုက်ခိုက်နေဆဲဖြစ်ပြီး အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကိုလည်း ပြစ်ဒဏ်ကင်းလွတ်စွာဖြင့် နေရာအနှံ့အပြားတွင် စနစ်တကျ ကျူးလွန်လျက်ရှိသည်။

တချိန်တည်းမှာပင် မြန်မာနိုင်ငံမှ ရိုဟင်ဂျာ ဒုက္ခသည် တစ်သန်းခန့်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံထဲ၌ မလိုအပ်ဘဲ အတွေ့အကြုံဆိုးများ ဆက်လက် တွေ့ကြုံခံစားနေကြရသည်။ ဘင်္ဂလားဒေ့ရှ် အစိုးရသည် ကော့ဘဇားခရိုင်ရှိ ဒုက္ခသည်စခန်းများတွင် ထိန်းသိမ်းထားခံရသူများနှင့် ဝေးလံသော Bhasan Char ကျွန်းပေါ်သို့ ပြောင်းရွှေ့နေထိုင်နေကြရသူများ အပေါ် ကန့်သတ်ချက်များ ထားရှိထားပြီး၊ ၎င်းတို့၏ လွတ်လပ်စွာ သွားလာခွင့်၊ ပညာရေးနှင့် အသက်မွေး

၂၀၁၆ ခုနှစ်၊ မောင်တောမြို့တွင် မြန်မာစစ်တပ်၏ ဓားမဖြင့် ခုတ်ထစ်မှုမှ လွတ်မြောက်ခဲ့သော အသက် ၁၆ နှစ်အရွယ် ရိုဟင်ဂျာကလေးငယ်အား လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့သော ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများရှိ အခြား ရိုဟင်ဂျာများမှ စောင့်ရှောက်နေပုံ။ ထိုသို့သော အကြမ်းဖက်မှု လုပ်ရပ်သည် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုကို ဖြစ်စေပြီး လူမျိုးတုံးသတ်ဖြတ်မှုတစ်ခု အဖြစ် သတ်မှတ်နိုင်သည်။ ©Saiful Huq Omi, Counter Foto, Cox's Bazar ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ်။

ဝမ်းကြောင်းဆိုင်ရာ အခွင့်အရေးများကို ပိတ်ပင် ငြင်းဆိုထားသည်။ ၂၀၂၃ ခုနှစ် မတ်လနှင့် ဇွန်လများတွင် အခြေအနေများ ပိုမိုဆိုးရွားလာကာ ရန်ပုံငွေဖြတ်တောက်မှုများကြောင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များအတွက် စားနပ်ရိက္ခာအကူအညီများကို လျှော့ချခဲ့ရသည်။ ထို့ကြောင့် ဆိုးရွားသော အာဟာရချို့တဲ့မှု၊ မွေးကင်းစ ကလေးငယ်သေဆုံးမှုနှင့် အကြမ်းဖက်မှု အန္တရာယ်များကို လည်း တိုးမြင့်လာစေခဲ့သည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည် စခန်းများတွင် အခြေစိုက်သော လက်နက်ကိုင်အဖွဲ့များသည် ရိုဟင်ဂျာ ဒုက္ခသည်များကို သတ်ဖြတ်၊ ညှဉ်းပန်း နှိပ်စက်ကာ ပြန်ပေးဆွဲ ခြိမ်းခြောက်မှုများကို ပြစ်ဒဏ်ကင်းလွတ်စွာ ပြုကျင့်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များနှင့် ဒုက္ခသည်များကို အကာအကွယ် ပေးနိုင်ရန် လုပ်ငန်းတာဝန်အပ်နှင်းထားသည့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဟု လူသိများသော UNHCR တို့က ပစ်မှတ်ထားခံရသူ အများအပြားကို ကာကွယ်ပေးရန် ပျက်ကွက်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဤကဲ့သို့ ဆိုးရွားသော အခြေအနေများကလည်း မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကြုံတွေ့ခဲ့ရသော စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD) ၏ ဆိုးကျိုးများ၊ စိတ်ဓာတ်ကျခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဝေဒနာများ အပေါ် ပိုမိုဆိုးရွားစေသော သက်ရောက်မှုများ ရှိနေသည်မှာ မလွဲကေန်ပင် ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတစ်ခုတွင် မုတ်သုံမိုးရွာသွန်းချိန် ကာလအတွက် ရိုဟင်ဂျာ အမျိုးသားတစ်ဦးမှ မီးသွေးထင်းပြင်ဆင်နေပုံ။ ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုမှ အသက်ရှင်ကျန်ရစ်သူများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စိတ်ကျန်းမာရေး စောင့်ရှောက်မှုတွင် ကြပ်တည်းသော ကန့်သတ်မှုများရှိသဖြင့် ရိုဟင်ဂျာအများစုမှာ ပြင်းထန်သော စိတ်ဒဏ်ရာ ဆိုးကျိုးများကို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းနေရကာ အလုပ်အကိုင် အခွင့်အလမ်း ကန့်သတ်ခံရမှုများကိုလည်း ခံစားနေကြရသည်။ ©Saiful Huq Omi, Counter Foto, Cox's Bazar ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဇူလိုင်လ ၂၀၁၀ ခုနှစ်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ ပညာရှင်များနှင့် အခြားသူများက စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှုကို သီးသန့် ရာဇဝတ်မှုတစ်ခုအဖြစ် ထက်စာလျှင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ၏ ရလဒ်အဖြစ် ရှုမြင်ကြသော်လည်း၊ ဤလေ့လာမှုတွင် ဖော်ပြထားသည့်အတိုင်း ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှု တစ်ခုတည်း သီးသန့်ကလည်း လူမျိုးတုံးသတ်ဖြတ်မှု မြောက်သောလုပ်ရပ်တစ်ခု ဖြစ်နိုင်သည်။ ဂျီနိုဆိုက် ကွန်ဗင်းရှင်းစာချုပ် ၏ အပိုဒ်ခွဲ (ခ) တွင် "ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု" ကို ရည်ညွှန်းထားသည်။ သို့သော်လည်း ပြဋ္ဌာန်းချက်များအရ အုပ်စုတစ်စုသည် လူမျိုးတုံးသတ်ဖြတ်မှု မြောက်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှု ကျူးလွန်ခံခဲ့ရကြောင်း ဆုံးဖြတ်နိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ရှာဖွေတွေ့ရှိရန် မလိုအပ်ပါ။ ရဝမ်ဒါနိုင်ငံဆိုင်ရာ ရာဇဝတ်ခုံရုံးနှင့် ယခင် ယူဂိုဆလားဗီးယားနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတို့၏ စီရင်ချက်များအရ ပြင်းထန်သော ကြောက်ရွံ့စေမှု၊ ထိတ်လန့်စေမှု (သို့) ခြိမ်းခြောက်မှုများကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအဖြစ် လူမျိုးတုံးသတ်ဖြတ်မှု ဥပဒေအောက်တွင် ပြဋ္ဌာန်းထားသည်။ မုဒိမ်းကျင့်မှုနှင့် အခြားသော ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့ လူမျိုးတုံးသတ်ဖြတ်မှုမြောက်သော လုပ်ရပ်အချို့သည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှု နှစ်ခုစလုံးအောက်တွင် ပါဝင်ပတ်သက်နေကြောင်း တရားရုံးများ က တွေ့ရှိခဲ့ကြသည်။ အခြားသော လုပ်ရပ်များဖြစ်သည့် အတင်းအကြပ် ပြည်နှင်ဒဏ်ပေးခြင်း (သို့) မိသားစုနှင့် ခွဲခွာစေခြင်းကဲ့သို့သော လုပ်ရပ်များတွင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မပါဝင်နိုင်သော်လည်း





သက်ကြီးရွယ်အို ရိုဟင်ဂျာ ဒုက္ခသည်တစ်ဦးနှင့် ၎င်း၏ ဇနီး။ ၎င်းတို့ နှစ်ဦးစလုံးမှာ လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့သူများဖြစ်ပြီး ၎င်းတို့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းတွင် တွေ့ရစဉ်။ ©Saiful Huq Omi, Counter Foto, Cox's Bazar ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဇူလိုင်လ ၂၀၁၀ ခုနှစ်။



မြန်မာနိုင်ငံမှ ရိုဟင်ဂျာ အမျိုးသားတစ်ဦး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းတွင် ကျမ်းမြတ်ကုရ်အာန်ကို ဖတ်နေပုံ။ Fortify Rights မှ ပံ့ပိုးကူညီထားသည့်အဖွဲ့မှ စစ်တမ်း ကောက်ယူချက်များအရ ရိုဟင်ဂျာ ၉၄ ရာခိုင်နှုန်းကျော် သည် ၎င်းတို့အား မြန်မာအာဏာပိုင်များက ၎င်းတို့၏ဘာသာရေးကို ဆန့်ကျင်စေသည့် အရာများဖြစ်သည့် ဦးဆောင်းများဖယ်ရှားစေခြင်း၊ မုတ်ဆိတ်မွေးရိတ်စေခြင်း၊ ဝက်သားစားစေခြင်း စသည့် လုပ်ရပ်များအား အတင်းအဓမ္မ စေခိုင်းခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။ ©Saiful Huq Omi, Counter Foto, Cox's Bazar ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မတ်လ ၂၀၀၉ ခုနှစ်။

စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ဖြစ်စေနိုင်သည်။ လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် သတ်မှတ်နိုင်သည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသော လုပ်ရပ်များသည် ပုံမှန်ဘဝတစ်ခုကို ဦးဆောင်နိုင်မှုအပေါ် ရေရှည် ဆိုးကျိုးသက်ရောက်မှုရှိစေနိုင်သော လုပ်ရပ်များပင် ဖြစ်သည်။

ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်လာသူများ၏ စိတ်အခြေအနေနှင့် ပတ်သက်၍ Fortify Rights နှင့် ရိုဟင်ဂျာသုတေသီအဖွဲ့မှ ကောက်ယူထားသော အချက်အလက်များအရ ၎င်းတို့၏ ပြင်းထန်သော စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD)၊ စိတ်ကျရောဂါနှင့် စိတ်ပိုင်းဆိုင်ရာ ဝေဒနာများသည် မြန်မာ အာဏာပိုင်များ၊ ၎င်းတို့၏ တပ်ဖွဲ့များနှင့် မဟာမိတ်များက ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်ခဲ့သော စိတ်ဒဏ်ရာများ၏ ရလဒ်များ ဖြစ်ကြောင်းကိုလည်း ညွှန်ပြနေသည်။ ရိုဟင်ဂျာလူဦးရေကြားတွင် ဤလက္ခဏာများ၏ ရေရှည် အကျိုးသက်ရောက်မှုမှာ မည်မျှကြာရှည်မည်ကို သိရန်မှာ စောလွန်းသေးသော်လည်း၊ အခြား အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများမှ လွတ်မြောက်လာသူများကို လေ့လာထားချက်များအရ မူလ စိတ်ဒဏ်ရာများရရှိပြီးနောက် ဆယ်စုနှစ်များစွာ ကြာရှည်သည်အထိ ဆိုးရွားလှသော အခြေအနေများ ဆက်လက်တည်ရှိနေနိုင်ကြောင်းကို တွေ့ရှိခဲ့ရသည်။ အဆိုပါ အခြေအနေများသည် အသက်ရှင်ကျန်ရစ်သူများ၏ ပုံမှန်နှင့် အပြုသဘောဆောင်သော ဘဝကို ဦးဆောင်နိုင်မှုကို အနှောင့်အယှက် ဖြစ်စေပြီး မူးယစ်ဆေးဝါးနှင့် အရက်သေစာ အလွန်အကျွံ သုံးစွဲခြင်းနှင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်း အပါအဝင် နေ့စဉ် လုပ်ငန်းဆောင်တာများ နှင့် ရေရှည် ကျန်းမာရေးပြဿနာများ ကို ဖြစ်စေသော ဆိုးရွားသည့် ပြဿနာများကို ဖြစ်စေသည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာစစ်တပ်၊ ရဲတပ်ဖွဲ့နှင့် ဒေသခံအရပ်သားများသည် ရိုဟင်ဂျာများအပေါ် ပြင်းထန်သော စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD)၊ စိုးရိမ်စိတ် လွန်ကဲမှုနှင့် စိတ်ကျရောဂါများ ဖြစ်စေနိုင်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေနိုင်သည့် လုပ်ရပ်များ ကျူးလွန်ခဲ့ကြပြီး၊ ထိုထဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြရသည့် ရိုဟင်ဂျာဒုက္ခသည်များလည်း ပါဝင်သည်။ ရိုဟင်ဂျာများသည် ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် မုဒိမ်းကျင့်ခံရခြင်းများကို ကြုံတွေ့ခဲ့ရပြီး အခြားသူများအပေါ် ပြင်းထန်စွာ အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ပုံကိုလည်း မျက်မြင် ကြုံတွေ့ခဲ့ရသည့်အပြင် မိသားစုများ ခွဲခွာခံရခြင်း အပါအဝင် ၎င်းတို့၏ နေအိမ်များမှ အတင်းအကြပ် ရွှေ့ပြောင်းခံရခြင်းများကိုလည်း ရင်ဆိုင်ခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာ ခုံရုံးများသည် အဆိုပါ စိတ်ထိခိုက်ဖွယ်ရာ ဖြစ်ရပ်မျိုးများသည် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ဖြစ်စေနိုင်ကြောင်း အသိအမှတ်ပြုထားသည်၊ အထူးသဖြင့် လူမှုအသိုက်အဝန်းကို ထိခိုက်ဒဏ်ရာရစေရန်နှင့် ရွှေ့ပြောင်းမှုများရှိစေရန် ရည်ရွယ်ပြီး ၎င်းတို့၏ လူမျိုးစုများကို အိမ်မပြန်နိုင်စေရန်အတွက် ရည်ရွယ်ထားသော အထောက်အထားများရှိပါက ကျူးလွန်မှုမြောက်ပါသည်။ ဂျီနိုဆိုက် ကွန်ဗင်းရှင်းက အသုံးပြုထားသော ဘာသာစကားအရ ဤချိုးဖောက်မှုများသည် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့် လုပ်ရပ်များ ဖြစ်သည်၊ အထူးသဖြင့် ၎င်းတို့၏ စိတ်ဒဏ်ရာ အကျိုးသက်ရောက်မှုသည် အချိန်ကြာမြင့်နိုင်ဖွယ်ရှိပြီး အသက်ရှင် ကျန်ရစ်သူများ၏ ပုံမှန်ဘဝ နေထိုင်နိုင်စွမ်းကိုလည်း ထိခိုက်နိုင်စေသည့် လုပ်ရပ်များဖြစ်သည်။

ရိုဟင်ဂျာကလေးငယ်များ ခံစားရသည့် ဒဏ်ရာလက္ခဏာများသည် နောင်လာမည့် မျိုးဆက်များတွင် ပြန်လည် ဖြစ်ပွားနိုင်ချေရှိသည်။ မကြာသေးမီက Adverse Childhood Experiences (ACEs) နှင့် intergenerational trauma ဆိုင်ရာ သုတေသနပြုချက်များအရ စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD)၊ စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်စိတ်လွန်ကဲမှု အခြေအနေများထံမှ ရရှိလာသော ပုံမှန်ဘဝထဲရှိ အနှောင့်အယှက်များသည် တစ်သက်တာလုံး ဆက်ရှိနေနိုင်ပြီး လူငယ်မျိုးဆက်များထံပင် ဆက်လက် လက်ဆင့်ကမ်းနိုင်သည် ဟု အကြံပြုထားသည်။ မြန်မာ နိုင်ငံ (စစ်တပ်) က စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့် လုပ်ရပ်များအား ကျူးလွန်ခဲ့သည်ဟူသော ကောက်ချက်ကို ထပ်လောင်း သက်သေထူနေသည့် အချက်မှာ ရိုဟင်ဂျာများ ခံစားနေရသော ဤ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ နောက်နောင်ဖြစ်နိုင်ချေရှိသော တုန်လှုပ်ဖွယ်ရာ အကျိုးဆက်များပင် ဖြစ်ပါသည်။ ဆယ်စုနှစ်များစွာကြာမြင့်မှသာလျှင် မြန်မာနိုင်ငံအတွင်းရှိ ဤ ကျူးလွန်မှုများမှ လွတ်မြောက်ခဲ့သော ရိုဟင်ဂျာများ၏ သားစဉ်မြေးဆက်များသည်လည်း မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်း စိတ်ဒဏ်ရာများ ခံစားနေကြရသည်ကို သက်သေပြနိုင်လိမ့်မည် ဖြစ်ပါသည်။ လူမှုအသိုင်းအဝိုင်းတွင် တွေ့ကြုံခဲ့ရသော စိတ်ဒဏ်ရာများသည် ဆက်လက် တည်ရှိနေမည်ဖြစ်ပြီး The Torture in My Mind အစီရင်ခံစာတွင် တွေ့ရှိခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကိုလည်း ပိုမို ဆိုးရွားစေနိုင်ကြောင်း တွေ့ရှိနိုင်သည်။ ဤသည်မှာ ရိုဟင်ဂျာများ၏ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်း စိတ်ဒဏ်ရာ အတွေ့အကြုံများနှင့် စပ်လျဉ်း၍ အနာဂတ်တွင် လေ့လာမှုများကို ဆက်လက် လုပ်ဆောင်ရန် လိုအပ်နေကြောင်းကို ပံ့ပိုးပေးနေသည့် အချက်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD)၊ စိုးရိမ်စိတ်လွန်ကဲမှု၊ စိတ်ဓာတ်ကျမှုနှင့် ၎င်းတို့၏ ရေရှည် အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ အမြဲပြောင်းလဲ နေသော နားလည်မှုကို အခြေခံထားသော သတ်မှတ်ထားမှုများအရ ယင်းအခြေအနေများကို ဖြစ်စေသော လုပ်ရပ်



ရခိုင်ပြည်နယ် မြောက်ပိုင်း ရသေ့တောင် မြို့နယ်မှ ထွက်ပြေးလွတ်မြောက်ခဲ့သည့် အသက် ၂၀ အရွယ် ရိုဟင်ဂျာ အမျိုးသမီးတစ်ဦး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်ဦးတည်းဖြစ်ပြီး အသက်ရှင်ရပ်တည်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေါ်တွင် လုံးလုံးလျားလျား မှီခိုနေရသည်။ ©Saiful Huq Omi, Counter Foto, Cox's Bazar ခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဩဂုတ်လ ၂၀၁၉ ခုနှစ်။

များကို အုပ်စုတစ်စုနှင့် ဆန့်ကျင်၍ ကျူးလွန်ပြီး ကြံရွယ်ချက်ဖြင့် ကျူးလွန်သည့်အခါ လူမျိုးတုံးသတ်ဖြတ်မှု မြောက်နိုင်ကြောင်းကို ဤလေ့လာမှုက တွေ့ရှိခဲ့ပါသည်။

ရိုဟင်ဂျာများ၏ ဖြစ်တည်ရှိနေခြင်းအပေါ် ပြည်သူအဖြစ်အသိအမှတ်ပြုရန် မြန်မာစစ်တပ်၏ ကာလရှည်ကြာစွာ ငြင်းဆိုမှု၊ ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများနှင့် နိုင်ငံသားဖြစ်ခွင့် အပြည့်အဝ ရရှိခွင့်ကို ရိုဟင်ဂျာများအတွက် ကာလရှည်ကြာ ငြင်းဆိုထားမှုတို့သည် လူဦးရေအပေါ် ဆိုးရွားသော ထိခိုက်နစ်နာမှုများ ရှိစေပါသည်။ မြန်မာနိုင်ငံ အာဏာသိမ်းမှုမတိုင်မီက အစိုးရ၊ စစ်တပ်နှင့် လူ့အဖွဲ့အစည်း အစိတ်အပိုင်းအချို့သည် တိုင်းပြည်လူထုကို ရိုဟင်ဂျာများနှင့် ပတ်သက်လာလျှင် တစ်ယူသန်သော ယုံကြည်ချက် နှင့် သဘောထားအမြင်များအား ဆုပ်ကိုင်ထားရန် တိုက်တွန်းနေကြသော အခြေအနေတစ်ရပ် ဖြစ်ခဲ့သည်။ အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ ဒီမိုကရေစီ လိုလားသူ နိုင်ငံရေး အင်အားစု အသီးသီးက ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော အမှားများအတွက် လူသိရှင်ကြားတောင်းပန်ခဲ့ကြသည်။ အာဏာသိမ်းပြီးနောက်ပိုင်း စစ်အုပ်ချုပ် ရေးကို ဆန့်ကျင်သော မြန်မာနိုင်ငံရဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ရိုဟင်ဂျာများ ခံစားခဲ့ရသော ရက်စက်ယုတ်မာမှုများကို အသိအမှတ်ပြုပြီး ရိုဟင်ဂျာများအတွက် တရားမျှတမှု၊ တာဝန်ခံမှုနှင့် နိုင်ငံသားဖြစ်ခွင့် များကို ၎င်းတို့ကိုယ်တိုင် အာမခံပေးရန်အတွက် ကတိကဝတ် ပြုထားပါသည်။ NUG သည် နိုင်ငံတကာ ရာဇဝတ် တရားရုံး (ICC) ထံသို့ တရားဝင်ကြေငြာချက် ထုတ်ပြန် ပေးပို့လိုက်ပြီးနောက် တရားရုံးအနေဖြင့် ၂၀၀၂ ခုနှစ်နှင့် အနာဂတ်ကာလတွင်ရှိသော နိုင်ငံတွင်း အစုလိုက်အပြုံလိုက် ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို ပေးဆောင်ခဲ့ကာ တရား မျှတမှုဆီသို့ လျှောက်လှမ်းသည့် ခိုင်မာသော ခြေလှမ်းတစ်ရပ်ကို လျှောက်လှမ်းခဲ့သည်။ ဤလေ့လာတွေ့ရှိမှု အစီရင်ခံစာ ထုတ်ဝေသည့်အချိန်တွင် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) သည် ထို ကြေငြာချက်အတိုင်း အရေးယူမှုများ ပြုလုပ်ရန် ပျက်ကွက်ခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ဤလေ့လာမှု ထုတ်ဝေသည့်အချိန်တွင် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) အပါအဝင် တာဝန်ခံမှု ယန္တရားအများအပြားသည် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအပေါ် အစုလိုက်အပြုံလိုက် ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ဥပမာအားဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) ကို ဖွဲ့စည်းရန် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ဆုံးဖြတ်ချက်ချခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် တာဝန်ရှိသူများ၏ တာဝန်ခံမှု အာမခံပေးနိုင်ရန်အတွက် လိုအပ်သော အမှုတွဲဖိုင်များကို ပြင်ဆင်ခြင်း၊ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများကို ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ဂမ်ဘီယာနိုင်ငံ အစိုးရသည် ရိုဟင်ဂျာများ အပေါ် လူမျိုးတုံးသတ်ဖြတ်မှုအတွက် နိုင်ငံတကာတရားရုံး (ICJ) တွင် မြန်မာနိုင်ငံအား တရားစွဲဆိုခဲ့သည်၊ ဤ တရားစွဲဆိုမှု ကို ဆက်လက် ကြားနာနေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံမှ ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကြပ်ပြန်ပို့ခြင်းကိုလည်း လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုတစ်ခုအဖြစ် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) မှ အစိုးရရှေ့နေရုံးက စုံစမ်းစစ်ဆေးလျက်ရှိသည်။ အာဂျင်တီးနားတရားရုံးများသည် U.K. မြန်မာရိုဟင်ဂျာအဖွဲ့နှင့် အခြားသူများ က ကမ္ဘာတလွှား တရားစီရင်ပိုင်ခွင့် (Universal Jurisdiction) မှ တဆင့် တင်သွင်းခဲ့သော ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုကိုလည်း ထည့်သွင်းစဉ်းစားလျက် ရှိသည်။

ဤလေ့လာမှုထဲတွင် မြန်မာအာဏာသိမ်းစစ်တပ်၊ မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများနှင့် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုမှ အသက်ရှင်ကျန်ရစ်သူများကို လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများပေးနေသည့် အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာပါတီများသို့ ပေးပို့ထားသော အကြံပြုချက် ၃၅ ချက် ကျော်ကို ထည့်သွင်းထားပါသည်။

ဤလေ့လာတွေ့ရှိမှုသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေခြင်းဖြင့် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခြင်းပုံစံ အပါအဝင် ၎င်း၏ အခြားသော ပုံစံအမျိုးမျိုးအကြောင်းအား အများပြည်သူများ၊ လှုပ်ရှားဆောင်ရွက်နေသူများနှင့် အစိုးရရှေ့နေများပါ အပါအဝင် လူအများအား အသိပညာမြှင့်တင်ပေးနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ထားခြင်း ဖြစ်ပြီး၊ စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်နစ်နာစေသော ရာဇဝတ်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရာတွင် နားလည်သဘောပေါက်မှု ပိုမိုပြည့်စုံပြီး ထိရောက်သော ချဉ်းကပ်မှုအတွက် အထောက်အကူပြုနိုင်စေရန် ဖြစ် သည်။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု၏ အခြေအနေအတွက်မူ လူမျိုးတုံးသတ်ဖြတ်မှု အသွင် ဆောင်သည့် လုပ်ရပ်ပုံစံ အစုံအလင်ကို အသိအမှတ်ပြုခြင်းသည် ရိုဟင်ဂျာနှင့် မြန်မာနိုင်ငံအတွက်လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ကြိုတင်တားဆီးမှု၊ တရားမျှတမှုနှင့် တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်း အားထုတ်မှုများကို ဆောင်ရွက်ရာတွင် ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်စေမည် ဖြစ်သည်။




“၂၀၀၉ ခုနှစ်မှာ မြန်မာအစိုးရ က ဒီဓာတ်ပုံကို ရိုက်ခဲ့တယ်၊ ဒါကို ‘အိမ်ထောင်စုစာရင်း’ ဓာတ်ပုံလို့ ခေါ်ကြပြီး သူတို့အတွက်တော့ ဒါက မှတ်တမ်းတွေ သိမ်းထားဖို့ပေါ့။ ဒါပေမယ့် ကျွန်ုပ်အတွက်တော့ ဒါက မိသားစုတစ်ခုလုံးရဲ့ တစ်ခုတည်းသော ဓာတ်ပုံပဲ။ ၂၀၁၇ ခုနှစ်တုန်းက အမေနဲ့ ညီမကို ကျွန်ုပ်ရှေ့မှာတင် သူတို့က သတ်ဖြတ်ခဲ့တယ်။ အဲဒီ့နောက်မှာတော့ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးရတုန်း ဒီဓာတ်ပုံလေးကို ယူလာခဲ့ပါတယ်။ [မြန်မာ့တပ်မတော်] က ဓာတ်ပုံထဲက မိသားစုဝင်တွေ တော်တော်များများ ကို သတ်ထားပြီးသားဆိုတော့ ဒီဓာတ်ပုံဟာ ကျွန်ုပ်ရဲ့ အနာဂတ် မိသားစုဝင်တွေအတွက် မရှိမဖြစ် လိုအပ်တဲ့ ဓာတ်ပုံတစ်ပုံပါပဲ။ ဒါက သူတို့ရဲ့ တစ်ခုတည်းသော အမှတ်ရစရာပါပဲ။” - ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်နေသော လူမျိုးတုံးသတ်ဖြတ်မှုမှ အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာတစ်ဦး။ ©Saiful Huq Omi, Counter Foto, ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၂၃ ခုနှစ်။



"ကျွန်တော် အမိမြေကို ပြန်ချင်တယ်။ သူတို့တွေက ကျွန်တော် တို့အပေါ်မှာ ရာဇဝတ်မှုတွေ အများကြီး ကျူးလွန်ခဲ့ကြတယ်၊ ကျွန်တော်တို့ကို အရမ်းနှိပ်စက်ခဲ့တယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရက်တွေ အကြာကြီး လမ်းလျှောက်ပြီး ထွက်ပြေးလာခဲ့ရတယ်။ ကျွန်တော် လာတုန်းကလည်း ဒီအင်္ကျီကို ဝတ်ပြီးလာခဲ့တယ်၊ ဒါကိုလည်း အခုထိ ပုံမှန်ဝတ်နေတုန်းပဲ။ ဒုက္ခသည်စခန်းမှာ မနေချင်ဘူး။ မြန်မာနိုင်ငံကို ပြန်ချင်တယ်" - ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်နေသော လူမျိုးတုံးသတ်ဖြတ်မှုမှ အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာတစ်ဦး။ ©Saiful Huq Omi, Counter Foto, ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၂၃ ခုနှစ်။



"ဒီပုဝါကို ကျွန်မကိုယ်တိုင် ချုပ်ထားတာ။ ၂၀၁၈ ခုနှစ် မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်လာတုန်းက ယူလာတာ၊ ဒါ ကျွန်မရဲ့ အကြိုက်ဆုံးပုဝါပဲလေ။ စစ်အာဏာရှင်တွေက ကျွန်မတို့ရွာကို လာပြီး ကျွန်မရဲ့ အိမ်အပါအဝင် တစ်ရွာလုံး၊ တစ်မြို့လုံး၊ အကုန်လုံးကို မီးရှို့ခဲ့ကြတယ်။ တစ်ခါတလေ ဟိဂျာဘ် (ပုဝါ) ဝတ်ရတဲ့အခါ ကိုယ့်အမိမြေကိုကိုယ်သတိရမိပါတယ်" - ရသေ့တောင်မြို့နယ်မှ အသက် ၄၅ နှစ်အရွယ် ရိုဟင်ဂျာ ဒုက္ခသည် အမျိုးသမီးတစ်ဦး။ ©Saiful Huq Omi, Counter Foto, ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၂၃ ခုနှစ်။



“ကျွန်တော်တို့ရွာ တိုက်ခိုက်ခံရလို့ ထွက်ပြေးရတဲ့ အချိန်မှာ သေချာထုပ်ပိုးဖို့က အချိန်မရှိတော့ဘူး။ ဒါပေမယ့် ကျွန်တော်ကလည်း ကျမ်းမြတ်ကုရ်အာန်ကို ဘယ်သောအခါမှ ထားခဲ့မှာ မဟုတ်ပါဘူး။ ကျွန်တော်က မွတ်စလင်တစ်ယောက် ဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ ဆုတောင်းပုတီးစေ့ (Tasbeeh) ကို အတူ သယ်ယူခဲ့ပါတယ်” - မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှ အသက် ၆၀ အရွယ် ရိုဟင်ဂျာ ဒုက္ခသည် အမျိုးသားတစ်ဦး။ ©Saiful Huq Omi၊ Counter Foto၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၂၃ ခုနှစ်။3



“ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ဖို့ ဘယ်လောက်ဝေးဝေး လမ်းလျှောက်ခဲ့ရတယ်ဆိုတာ မမှတ်မိတော့ဘူး။ နေ့ရောညပါ လျှောက်ခဲ့ရတာလေ။ ကျွန်မမှာ ဒီခြေညှပ်ဖိနပ်တစ်ရံ ရှိသေးတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကို ထွက်လာတုန်းကလည်း ဒါတွေပဲ ဝတ်ထားခဲ့တာ။ ဒီရောက်တော့ ပျက်စီးပြီး ဝတ်လို့မရတော့တဲ့အတွက် ပြန်ပြင်ခဲ့ရတာတွေ ရှိတယ်၊ ဒါပေမယ့် မပစ်ချင်ဘူး။ သိမ်းထားချင်တယ်။ ဒါလေးတွေက မြန်မာနိုင်ငံကပါ။” - မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ အသက် ၂၄ နှစ်အရွယ် ရိုဟင်ဂျာ ဒုက္ခသည် အမျိုးသမီးတစ်ဦး။ ©Saiful Huq Omi, Counter Foto, ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၂၃ ခုနှစ်။



“ဒါတွေက ရွှေတွေမဟုတ်ဘူး၊ တန်ဖိုးကြီးပစ္စည်း မဟုတ်ဘူးဆိုတာ ကျွန်မ သိတယ်။ ဒါပေမယ့် ကျွန်မရဲ့ရွာကို မြန်မာစစ်တပ်က တိုက်ခိုက်ပြီး မီးရှို့ခဲ့ပြီးတဲ့ နောက်မှာတော့ အဝတ်အစား ကလွဲလို့ ဒါတွေက ကျွန်မ သယ်သွားလို့ရတဲ့ ရှေးဟောင်းပစ္စည်းတွေပဲ။ ဒါတွေက ကျွန်မအတွက်တော့ အမှတ်တရပါပဲ၊ ကျွန်မရဲ့ယောကျ်ားက ကျွန်မအတွက် ဝယ်ထားပေးတာပါ။ ဒါကြောင့် ဒါတွေကို လုံခြုံအောင် ထိန်းထားမယ်။” - ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်နေသော အသက် ၃၂ နှစ် အရွယ် ရိုဟင်ဂျာ ဒုက္ခသည် အမျိုးသမီးတစ်ဦး။ ©Saiful Huq Omi, Counter Foto, ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၂၃ ခုနှစ်။



“မြန်မာနိုင်ငံက ကျွန်တော့်အိမ်ကနေ သယ်နိုင်သမျှကို ဒီကြိုးနဲ့ချည်ပြီး သယ်ခဲ့တာပါ။ နိုင်ငံထဲကနေ မထွက်ခွာနိုင်သူ အများကြီးရှိမှန်းကိုလည်း ကျွန်တော်သိပါတယ်၊ သူတို့ ဘာဆက်ဖြစ်သွားလဲတော့ ကျွန်တော်လည်း မသိတော့ဘူး။ မြန်မာစစ်တပ် က ရိုဟင်ဂျာ တော်တော်များများကို သတ်ခဲ့တာကို သိပါတယ်။ ဒီကြိုးက ကျွန်တော့်နိုင်ငံကို သတိရစေပြီး ကျွန်တော့်ရဲ့ ကံကြမ္မာကို ဒီကြိုးနဲ့ ချည်နှောင်ထားပါတယ်။ မြန်မာနိုင်ငံမှာ နေထိုင်ခဲ့ရတဲ့ ကျွန်တော့်ရဲ့ နေ့ရက်တွေကို အမှတ်ရစေမယ့် ဒီကြိုးကို ဒီမှာ သိမ်းဆည်းထားပါတယ်” - မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာ ဒုက္ခသည် အမျိုးသားတစ်ဦး။ ©Saiful Huq Omi, Counter Foto, ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၂၃ ခုနှစ်။



မြန်မာနိုင်ငံရှိ လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့ပြီး ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်နေသည့် အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာ ဒုက္ခသည် တစ်ဦး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာများအနက် ၆၁.၂ ရာခိုင်နှုန်းတွင် စိတ်ဒဏ်ရာလွန်စိတ်ဖိစီးမှုရောဂါ (PTSD) စိတ်ရောဂါနှင့် ကိုက်ညီသော လက္ခဏာများရှိကြောင်း တွေ့ရှိခဲ့ရပြီး၊ ၈၈.၇ ရာခိုင်နှုန်းသည် စိတ်ကျရောဂါ နှင့် ၈၄ ရာခိုင်နှုန်းသည် စိုးရိမ်စိတ်လွန်ကဲမှုတို့ကို ထုတ်ဖော် ပြောကြားခဲ့ကြသည်။ ©Saiful Huq Omi, Counter Foto, ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၂၀၂၃ ခုနှစ်။

# နည်းစနစ်

ဤလေ့လာမှုသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် မြန်မာစစ်တပ်နှင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများ အပေါ် ကျူးလွန်ခဲ့သည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ဖော်ပြနိုင်ရန်နှင့် နားလည်သဘောပေါက်နိုင်ရန် လူမှုသိပ္ပံပညာ၊ အထူးသဖြင့် စိတ်ပညာလေ့လာမှုဆိုင်ရာ နည်းစနစ်များကို အခြေပြု၍ ကိုးကားထား ပါသည်။ ဤလေ့လာမှုသည် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ဥပဒေနှင့် သက်ဆိုင်ပြီး၊ ရခိုင်ပြည်နယ် အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများ သည် ပြင်းထန်သောစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ် စေသဖြင့် လူမျိုးတုံးသတ်ဖြတ်မှု လုပ်ရပ်တစ်ခုမြောက်ကြောင်း သုံးသပ်နိုင်ရန်အတွက် ဖြစ်ပါသည်။ ဤ လေ့လာမှုသည် Fortify Rights မှ စုဆောင်းရရှိထားသော စာမျက်နှာ ရာနှင့်ချီသော အသက်ရှင်ကျန်ရစ် သူများနှင့် မျက်မြင်သက်သေများ၏ ကိုယ်တွေ့သက်သေခံချက်များနှင့် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် Fortify Rights မှ ထုတ်ဝေခဲ့သော စာမျက်နှာ ၉၉ မျက်နှာပါ “The Torture in My Mind”: The Right to Mental Health for Rohingya Survivors of Genocide in Myanmar and Bangladesh ဟု ခေါ် သော အရေးအတွက်အခြေပြုသုတေသန အစီရင်ခံစာမှ တွေ့ရှိချက်များကို ကိုးကားထားပါသည်။ အဆိုပါ အစီရင်ခံစာသည် သုတေသန လုပ်ငန်းစဉ်တစ်ခုလုံးတွင် ရပ်ရွာအဖွဲ့ဝင်များ တက်ကြွစွာ ပါဝင်သည့် ပူးပေါင်း ပါဝင်လုပ်ဆောင်မှုကို ချဉ်းကပ်ထားသော သုတေသနအပေါ် အခြေခံထားပြီး ရပ်ရွာက ပံ့ပိုးပေးထားသော၊ ဆောင်ရွက်ချက်ကို ဦးတည်သည့် ဖြေရှင်းချက်များကို ရှာဖွေ ဖော်ထုတ်နိုင် ရန်အတွက် ထုတ်ဝေထားခြင်း ဖြစ်သည်။ Fortify Rights နှင့် ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသော ရိုဟင်ဂျာ သုတေသီအဖွဲ့ တစ်ဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ၂၀၁၈ ခုနှစ် မတ်လမှ ၂၀၂၀ ခုနှစ် နိုဝင်ဘာလအတွင်း ထို သုတေသနကို ပြုလုပ်ခဲ့ပါသည်။ The Torture in My Mind သည် လူမျိုးတုံးသတ်ဖြတ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများကြောင့် အသက်ရှင် ကျန်ရစ်သူများ ခံစားနေရသော ပြင်းထန်သည့် စိတ်ကျန်းမာရေးဒဏ်ရာဆိုင်ရာ သက်သေအထောက် အထား အသစ်များကို ပေးစွမ်းခဲ့ပါသည်။ ဤလေ့လာမှုထဲတွင် အဆိုပါ သက်သေအထောက်အထားများ ကို မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများအပေါ် ဆိုးရွားသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုအား လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် ဆန်းစစ်လေ့လာရာတွင် အသုံးပြုနိုင်သည့် တရားဥပဒေဆိုင်ရာ ခွဲခြမ်း စိတ်ဖြာမှုကို ပံ့ပိုးပေးထားပါသည်။

ဂျီနိုဆိုက် (လူမျိုးတုံးသတ်ဖြတ်မှု) နှင့် စပ်လျဉ်း၍ လူသိများသော ယူဆချက်သည် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းပင် ဖြစ်သည်။ သို့သော် ဂျီနိုဆိုက် ကွန်ဗင်းရှင်း (လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှုမျိုး မဖြစ်ပွားအောင် ကာကွယ်တားဆီးရေး နှင့် ပြစ်ဒဏ် ချမှတ်ရေး သဘောတူစာချုပ်)၏ ပြဋ္ဌာန်းချက်များအရ "ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှု" အပါအဝင် တားမြစ်ထားသော အခြားလုပ်ရပ် လေးခု ပါရှိပါသည်။ နိုင်ငံတကာခုံရုံးများသည် ကိုယ်ခန္ဓာကို ပြင်းထန်စွာ ထိခိုက်စေသော လုပ်ရပ်များ အပေါ် ပိုမိုအာရုံစိုက် ဖြေရှင်းခဲ့ကြပြီး စိတ်ပိုင်းဆိုင်ရာအား ထိခိုက်စေသော လုပ်ရပ်များကို အတိအကျ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ရာတွင် ခက်ခဲမှုများ ရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ Fortify Rights အဖွဲ့အစည်းနှင့် Yale Law School ရှိ Lowenstein International Human Rights Clinic မှ ထုတ်လုပ်သော ဤလေ့လာမှု "ကျွန်ုပ်မျက်ရည် ပင်လယ်ကြီးတစ်ခုဖြစ်စေနိုင်တယ်" စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေခြင်းဖြင့် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ခြင်း ထဲတွင် စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်နစ်နာစေမှုသည် မျိုးနွယ်စု တစ်စုလုံး (သို့) တစ်စိတ်တစ်ပိုင်း အား မည်သို့မည်ပုံ ဖျက်ဆီးနိုင်ကြောင်းကို အရေအတွက်အခြေပြုသုတေသန အချက်အလက်များ၊ မျက်မြင်သက်သေများ နှင့် အသက်ရှင်ကျန်ရစ်သူများ ၏ ထွက်ဆိုချက်များကို ကိုးကားထားပြီး လူမှုသိပ္ပံဆိုင်ရာ ကြိယာများကို အသုံးပြု၍လည်း လေ့လာထားပါသည်။ အထူးသဖြင့် ဤကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုကို လူမျိုးတုံးသတ်ဖြတ်မှုမြောက်သော လုပ်ရပ်အဖြစ် သတ်မှတ်ရာတွင် အရေးတကြီး ဖြေကြားရန် လိုအပ်နေသော မေးခွန်းတစ်ခု ထွက်ပေါ်လာပါသည်။ ဤသည်မှာ - 'ရိုဟင်ဂျာ လူမျိုးများကို လူမျိုးစုအလိုက် ဖျက်ဆီးနိုင်ရန် ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှု မြောက်သော ပြင်းထန်သည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှု လုပ်ရပ်များအတွက် မြန်မာစစ်တပ်တွင် တာဝန်ရှိပါသလား' ပင်ဖြစ်သည်။

**ဤ "ကျွန်ုပ်မျက်ရည် ပင်လယ်ကြီးတစ်ခုဖြစ်စေနိုင်တယ်" လေ့လာမှုသည် အစိုးရများ၊ အစိုးရရှေ့နေများ၊ စုံစမ်းစစ်ဆေးသူများ၊ ပညာရှင်များ၊ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့များ နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်သားများ အနေဖြင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုအား လူမျိုးတုံးသတ်ဖြတ်မှု အဖြစ် ယေဘူယျအားဖြင့် လေ့လာခြင်း (သို့) ရိုဟင်ဂျာ လူမျိုးများကို ဆန့်ကျင်သော လုပ်ရပ်တစ်ရပ်အဖြစ် လေ့လာ ဆောင်ရွက်ရာတွင် အထောက်ကူပြုမည် ဖြစ်သည်။ ဤလေ့လာတွေ့ရှိမှုထဲတွင် မြန်မာစစ်အစိုးရ၊ မြန်မာနိုင်ငံ အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) နှင့် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုမှ အသက်ရှင် ကျန်ရစ်သူများကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနေသည့် အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာပါတီများသို့ ပေးပို့ထားသော အကြံပြုချက် ၃၅ ချက်ကျော်ကို ထည့်သွင်းထားပါသည်။**

FORTIFY RIGHTS

ALLARD K. LOWENSTEIN INTERNATIONAL HUMAN RIGHTS CLINIC, YALE LAW SCHOOL